General Subject:

# လူသစ်တစ်ဦး၏အသက်ရှင်ခြင်း

## THE LIVING OF THE ONE NEW MAN

General Subject

# လူသစ်တစ်ဦး၏ အသက်ရှင်ခြင်း

**THE LIVING OF THE ONE NEW MAN**

## Message One

## လူသစ်တစ်ဦး၏ ရုပါရုံ

ဖတ်ရန်ကျမ်း။ ။ ဧ၊၂း၁၅။ ၄း၂၂–၂၄။ ကော၊၃း၁၀–၁၂

**I. ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် ဘုရားသခင်၏ထာဝရအကြံအစည်တော်ဖြစ်သည့် စကြဝဠာဆိုင်ရာ စုပေါင်းထားသော ဘုရား–လူကို ပြီးမြောက်ပြည့်စုံစေမည့် လူသစ်တစ်ဦးဖြစ်သည် – ဧ၊၁း၉၊ ၁၁။ ၃း၉။ ရော၊၈း၂၉။ ၂တိ၊၁း၉။ ဧ၊၂း၁၅–၁၆။ ၄း၂၂–၂၄။**

က။ လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကိုယ်တော်ကို ထင်ရှားရန်နှင့် ကိုယ်တော့်ကို ကိုယ်စားပြုရန် စုပေါင်းထားသောလူကို ရရှိဖို့ဖြစ်သည်။ နောက်ဆုံးတွင် လူသစ်တစ်ဦးဖြစ်သော အသင်းတော်သည် ဘုရားသခင်၏ရည်ရွယ်ချက်၌ရှိသော စုပေါင်းထားသောလူဖြစ်သည်။ ဤလူသစ်သည် ဘုရားသခင်ကို ထင်ရှားခြင်းနှင့် ဘုရားသခင်၏ ရန်သူကို ဆက်ဆံဖြေရှင်းဟူသော နှစ်ဆသော ရည်ရွယ်ချက်ကို ပြည့်စုံစေမည်ဖြစ်သည် – က၊၁း ၂၆။

ခ။ လူသစ်တစ်ဦးသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်နှင့် ညီမျှသည်။ ခရစ်တော်နှင့် ကျွန်ုပ်တို့အတူတကွ စကြဝဠာဆိုင်ရာလူကို ဖြစ်ပေါ်စေကြသည် – ဧ၊၂း၁၅–၁၆။ ကော၊၃း၁၀၊ ၁၅။

၁။ အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ခြင်း၌ အလေးထားသည့်အချက်မှာ အသက်အပေါ်၌ဖြစ်ပြီး၊ အသင်းတော်သည် လူသစ်တစ်ဦးဖြစ်ခြင်း၌ အလေးထားသည့်အချက်မှာ ပုဂ္ဂိုလ်အပေါ်၌ဖြစ်သည်။

၂။ ခရစ်တော်၏ကိုယ်ခန္ဓာတော်အနေဖြင့် ခရစ်တော်ကို အသက်အဖြစ် လိုအပ်ပြီး၊ လူသစ်တစ်ဦးအဖြစ် အသင်းတော်သည် ခရစ်တော်ကို ပုဂ္ဂိုလ်အဖြစ် လိုအပ်သည်။

**II. လူသစ်တစ်ဦးသည် ခရစ်တော်အားဖြင့် ကားတိုင်ပေါ်တွင် ဒြပ်သဘာဝနှစ်ခုတည်းဟူသော ရွေးနုတ်ခံရသည့် ဖန်ဆင်းခံလူနှင့် ဘုရားဆိုင်ရာဒြပ်သဘာဝတို့ဖြင့် ဖန်ဆင်းထားခြင်းဖြစ်သည်။ ကားတိုင်ပေါ်တွင် ခရစ်တော်သည် ဤဒြပ်သဘာဝများကို အတူတကွ ထားရှိကာ လူသစ်တစ်ဦးကို ထုတ်လုပ်ထွက်ပေါ်စေသည်။**

က။ လူသစ်တစ်ဦးကို ဖန်ဆင်းခြင်း၌ ရှေ့ဦးစွာ ကျွန်ုပ်တို့၏ ဇာတိလူကို ခရစ်တော်အားဖြင့် ကားတိုင်ပေါ် သေစေခဲ့ပြီး၊ လူဟောင်းကို ဖြတ်သိမ်းလိုက်ခြင်းအားဖြင့် ခရစ်တော်သည် ဘုရားဆိုင်ရာ ဒြပ်သဘာဝကို ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပေးပြီး၊ ကျွန်ုပ်တို့ကို ဖွဲ့စည်းမှုအသစ်ဖြစ်လာစေသည် – ရော၊၆း၆။ ၂ကော၊၅း၁၇။

ခ။ ဧဖက်၊၂း၁၅ ရှိ ကိုယ်တော်ကိုယ်တိုင်၌ ဟူသော စကားစုမှာ ခရစ်တော်သည် လူသစ်တစ်ဦး၏ ဖန်ဆင်းရှင်ဖြစ်ရုံမျှသာမက၊ လူသစ်တစ်ဦးကို ဖန်ဆင်းထားသည့် အဝန်းအဝိုင်းနှင့် အနှစ်သာရလည်းဖြစ်သည်။

**III. သမ္မာကျမ်းစာက လူသစ်တစ်ဦးသည် စုပေါင်းထားသော စကြဝဠာဆိုင်ရာလူဖြစ်ကြောင်း ဖွင့်ပြထားသည် – ဧ၊၂း၁၅။ ၄း၂၄။ ကော၊၃း၁၀–၁၁။**

က။ ခရစ်တော်၌ ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့အားလုံးသည် လူသစ်တစ်ဦးဖြစ်ရန် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် စုပေါင်းထားသောလူသစ်တစ်ဦး၏ အစိတ်အပိုင်းများ၊ ပါဝင်သောအရာများဖြစ်ကြသည်။

ခ။ လူသစ်တစ်ဦးသည် စုပေါင်းထားသောဘုရား–လူဖြစ်ပြီး၊ ဘုရား–လူများအားလုံး၏ စုစုပေါင်းဖြစ်သည်။ ဘုရား–လူများအားလုံးကို အတူတကွထားရှိလိုက်သောအခါ လူသစ်တစ်ဦးကို ရရှိသည်။

**IV. သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်မှာ လူသစ်တစ်ဦးကို မွေးဖွားထွက်ပေါ်လာစေရန်ဖြစ်သည် – ၄း၂၄။**

က။ လူဟောင်း၌ ကွဲပြားလျက် ပြန့်ကျဲနေသောအရာတို့သည် လူသစ်၌ ပြန်လည်ရယူခံရသည် – က၊၁၁း၅–၉။ တ၊၂း၅–၁၂။ ကော၊၃း၁၀–၁၁။

၁။ လူဟောင်း၌ လူသည် ကွဲပြားကာ၊ ပြန့်ကျဲနေသည်။ လူသစ်၌ လူသည် စုစည်းကာ၊ တစ်လုံးတစ်ဝတည်းဖြစ်နေသည်။

၂။ လောက၌ လူပုဂ္ဂိုလ်သည် ခြားနားလေလေ၊ တစ်ဦးတည်းသီးသန့်ဖြစ်လေလေ၊ ပိုကောင်းလေလေဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏စီမံကိန်းနှင့် ခြားနားသည်၊ ကိုယ်တော့်စီမံကိန်းမှာ အတူစုစည်းကာ တစ်လုံးတစ်ဝဖြစ်ရန်ဖြစ်သည်။

၃။ လူဟောင်းကို ချွတ်ပယ်ခြင်းမှာ ကွဲပြားကာ ပြန့်ကျဲနေသောလူကို ချွတ်ပယ်ရန်ဖြစ်သည်။ လူသစ်တစ်ဦးကို ယူတင်ဝတ်ဆင်ခြင်းမှာ စုစည်းထားသော၊ တစ်လုံးတစ်ဝဖြစ်သော လူသစ်ကို ယူတင်ဝတ်ဆင်ရန်ဖြစ်သည် – ဧ၊၄း၂၂၊ ၂၄။

ခ။ ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ သခင်ဘုရားလုပ်ဆောင်ခဲ့သောအရာ၊ ယခု ကိုယ်တော်လုပ်ဆောင်နေသောအရာမှာ ဘုရား

သခင်၏ ထင်ရှားခြင်းအတွက် အသက်နှင့် ပုဂ္ဂိုလ်အဖြစ် မိမိကိုယ်တော်တိုင်ဖြင့် လူသစ်တစ်ဦးကို မွေးဖွားထွက်ပေါ် လာစေရန် ဖြစ်သည် – ၃း၁၇က။ ကော၊၃း၄၊ ၁၀–၁၁။

ဂ။ လူသစ်တစ်ဦးသည် ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာမည်ဖြစ်ပြီး၊ မြေကြီးပေါ် သို့ ရှင်ဘုရင်ဖြစ်သော ခရစ်တော်ကို ပြန်လည်ခေါ် ဆောင်လာမည်ဖြစ်သည် – ဗျာ၊၁၁း၁၅။

## V. လူသစ်တစ်ဦးဖြစ်သော အသင်းတော်၌ ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်သည် – ကော၊၃း၁၀–၁၁။

က။ လူသစ်တစ်ဦး၌ မည်သည့်ဇာတိဆိုင်ရာပုဂ္ဂိုလ်မျှ မရှိပါ။ မည်သည့်ဇာတိဆန်သောပုဂ္ဂိုလ်အတွက်မျှ ဖြစ်နိုင်ချေမရှိပါ၊ အခန်း မရှိပါ – အငယ်၊၁၁။

၁။ မတူညီခြားနားသော လူများစွာတို့သည် လူသစ်တစ်ဦးကို ဖြစ်တည်စေခြင်းဖြစ်သော်လည်း၊ အားလုံးတို့သည် ခရစ်တော်၏ အစိတ်အပိုင်းဖြစ်ကြသည်။ ထိုနေရာတွင် ဇာတိဆိုင်ရာလူပုဂ္ဂိုလ်မရှိတော့ပေ။

၂။ လူသစ်တစ်ဦး၌ ပုဂ္ဂိုလ်တစ်ဦးတည်းသာရှိပြီး၊ ယင်းမှာ အရာအားလုံးပါဝင်သောခရစ်တော်ဖြစ်သည် – ၂း၁၇။ ၃း၄၊ ၁၁။

ခ။ ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် စိမ့်ဝင်ခြင်း၊ ဖြည့်ပေးခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်း ခံရကာ ရှင်သန်သောဖြစ်စဉ်မှတစ်ဆင့် ကိုယ်တော်အားဖြင့် အစားထိုးခြင်းခံရသောအခါ လူသစ်တစ်ဦးသည် ဖြစ်တည်ခြင်းအထဲသို့ ရောက်ရှိလာသည် – ၂ကော၊၃း၁၈။

၁။ လူသစ်သည် သန့်ရှင်းသူအားလုံး၌ရှိသော ခရစ်တော်ဖြစ်၍၊ ဇာတိဆိုင်ရာကွဲပြားခြားနားမှုအားလုံး ဖယ်ရှားခံရကာ အယောက်စီတိုင်းသည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရသည့်တိုင်အောင် ကျွန်ုပ်တို့ကို ပျော်ဝင်ပြည့်ဝကာ၊ အစားထိုးပေးနေသည် – ကော၊၃း၁၁။

၂။ အရာအားလုံးပါဝင်သောခရစ်တော်သည် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးပြီးသည့်တိုင်အောင် အသက်ဆိုင်ရာဖြင့် ကျွန်ုပ်တို့အထဲသို့ ယူဆောင်ခံရသည် – ဧ၊၃း၁၇က။ ဂလ၊၄း၁၉။

ဂ။ လူသစ်တစ်ဦး၌ ခရစ်တော်သည် အင်္ဂါဝင်များအားလုံးဖြစ်ပြီး၊ အင်္ဂါဝင်များအားလုံးဖြစ်သည် – ကော၊၃း၁၁။

၁။ ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည့် ခရစ်တော်သည် လူသစ်တစ်ဦးကို စေ့စပ်ထုံးဖွဲ့သောအရာပင်ဖြစ်သည် – ၁း၂၇။ ၃း၁၁။

၂။ ခရစ်တော်သည် လူသစ်၏ အင်္ဂါဝင်များအားလုံးဖြစ်သောကြောင့် လူသစ်၌ မည်သည့်မျိုးနွယ်၊ နိုင်ငံသား၊ ယဉ်ကျေးမှုနှင့် လူမှုရေးအဆင့်အတန်းအတွက်မျှ နေရာမရှိပါ – အငယ်၊၁၁။

## VI. ယခုအချိန်သည် ဘုရားသခင်က မြေကြီးပေါ်တွင် အပြည့်အဝဖြစ်တည်ခြင်းရှိလာမည့် လူသစ်တစ်ဦးကို စုံလင်လာစေရန် ကိုယ်တော်၏ အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေမည့်အချိန်ဖြစ်သည် – ဧ၊၄း၂၄။

က။ လောက၏ အခြေအနေသည် လူသစ်တစ်ဦး၏ ပန်းတိုင်အတွက် နိုးထလာခဲ့ပြီဖြစ်သည်။

၁။ မျက်မှောက်ခေတ်၌ သခင်ဘုရား လုပ်ဆောင်သမျှအရာခပ်သိမ်းသည် လူသစ်တစ်ဦးကို လက်တွေ့ကျကျဖြစ်တည်ခြင်းသို့ ယူဆောင်လာရန်ဖြစ်သည်။

၂။ နည်းပညာ၌ တိုးတက်လာမှုတို့ကြောင့် ယခုတွင် ဒေသန္တရတိုင်းရှိ သန့်ရှင်းသူများသည် သူတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများတွင် စစ်မှန်ခြင်း၌လည်းကောင်း၊ လက်တွေ့ကျခြင်း၌လည်းကောင်း လူသစ်တစ်ဦးဖြစ်လာရန် ဖြစ်နိုင်ချေရှိပြီ ဖြစ်သည်။

ခ။ လူသစ်တစ်ဦးသည် စုံလင်ခြင်းခံရသောအခါ ယင်းသည် သခင်ဘုရားကြွလာခြင်းအတွက် အချိန်ဖြစ်ပြီး၊ စုံလင်ခံရသော လူသစ်သည် သတို့သမီးဖြစ်လိမ့်မည်ဖြစ်သည် – ဗျာ၊၁၉း၇။

ဂ။ "ယနေ့ အရာခပ်သိမ်းသည် လူသစ်တစ်ဦးကို မွေးဖွားထွက်ပေါ် လာစေရန် ရင့်မှည့်ပြီ၊ အသင့်ဖြစ်ပြီ၊ အသင့်ပြင်ဆင်ထားပြီ ဖြစ်သည်။ ကျွန်ုပ်တို့မည်သည့်နေရာ၌ ရှိနေကြောင်းကို ကျွန်ုပ်တို့အယောက်စီတိုင်း မြင်ရမည်။ ကျွန်ုပ်တို့သည် အဆုံးသတ်အချိန်၌ ရှိနေပြီး၊ ဤသည်မှာ ရွှေရောင်အလှမ်းဆုံးသော အချိန်ဖြစ်သည်။ ဤအချိန်သည် သခင်ဘုရား၏ ပြန်လည်ရယူခြင်းအတွက် အချိန်သင့် အခါသင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ အမြင်သည် ကျယ်ဝန်းခြင်း ရှိရမည်ဖြစ်သည်"။

ဃ။ "ယနေ့ သခင်ဘုရားသည် ဤအလုပ်ကို မြေကြီးပေါ်၌ လုပ်ဆောင်နေပြီး၊ ဤအရာသည် ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်ဖြစ်သည်။ ယနေ့ မြေကြီးတစ်ပြင်လုံးပေါ်၌ ကိုယ်တော်ကို ချစ်သော၊ ကိုယ်တော်နောက်တော်သို့ လိုက်ပြေးသော သူအားလုံးတို့သည် လူသစ်တစ်ဦးဖြစ်လာရန် သူတို့အသိဉာဏ်၏ ဝိညာဉ်၌ အသစ်ပြုပြင်ခံပြီး၊ ကိုယ်တော်ကို သူတို့၏ ပုဂ္ဂိုလ်အဖြစ် ယူဆောင်ကာ၊ ကိုယ်တော်အားဖြင့် အသက်ရှင်ရမည်ဖြစ်သည်။ ဤအရာသည် ယနေ့ သခင်ဘုရားအလိုရှိနေသောအရာ ဖြစ်သည်"။

## Message Two

# လူသစ်တစ်ဦးအတွက် ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၊၃း၁၇က။ ၄း၂၄။ ကော၊၃း၁၀–၁၁။ ၁တိ၊၁း၁၆

**I. လူသစ်အတွက် ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်ရန် လိုအပ်သည် –ဧ၊၃း၁၇က။**

က။ ခရစ်တော်သည် ကိုယ်ခန္ဓာတော်၏ အသက်နှင့် လူသစ်၏ပုဂ္ဂိုလ်နှစ်ခုလုံး ဖြစ်သည် – ကော၊၃း၄။ ဧ၊၃း၁၇က။ ၄း၂၄။

၁။ အသင်းတော်သည် ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ဤကိုယ်ခန္ဓာတော်သည် ယင်း၏ အသက်အဖြစ် ခရစ်တော်ကို လိုအပ်သည်။

၂။ အသင်းတော်သည် လူသစ်တစ်ဦးလည်းဖြစ်ပြီး၊ ဤလူသစ်တစ်ဦးသည် သူ၏ပုဂ္ဂိုလ်အဖြစ် ခရစ်တော်ကို လိုအပ်သည်။

ခ။ လူသစ်တစ်ဦး၌ ဇာတိလူသည် နေရာမရှိ၊ အကြောင်းမှာ ဤနေရာတွင် ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်သောကြောင့် တည်း – ကော၊၃း၁၀–၁၁။

ဂ။ ခရစ်တော်သည် ကျွန်ုပ်တို့အားလုံး၌ ရှိသည်၊ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် ပုဂ္ဂိုလ်တစ်ဦးတည်းကိုသာ ရရှိကြသည် – ၁း၂၇။ ဧ၊၃း၁၇က။

**II. စကြဝဠာဆိုင်ရာလူသစ်တစ်ဦး၏ လက်တွေ့ကျသော ဖြစ်တည်ခြင်းအတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လူဟောင်းကို ငြင်းပယ်စွန့်လွှတ်က၊ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အသစ်အားဖြင့် အသက်ရှင်ရမည်ဖြစ်သည် – ရော၊၆း၆။ ဂလ၊၂း၂၀။ ဧ၊၃း၁၇က။**

က။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ၌ အရေးကြီးသောမေးခွန်းမှာ ကျွန်ုပ်တို့ မည်သည့်အရာ လုပ်ဆောင်နေသည်ဟူသောအရာ မဟုတ်ဘဲ၊ ၎င်းကို *မည်သူက* လုပ်ဆောင်နေသည်ဟူသောအရာဖြစ်သည် – ဂလ၊၂း၂၀။

ခ။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် လူဟောင်းမှ လူသစ်သို့ အတွင်းပိုင်း ရွှေ့ပြောင်းမှုကို ဂရုစိုက်ရမည်ဖြစ်သည် – ရော၊၆း၆။ ဧ၊၃း၁၇က။

**III. ကျွန်ုပ်တို့သည် အထူးသဖြင့် ဆုံးဖြတ်ချက်ခြင်းများ၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့အသက်တာကို အသက်ရှင်မည်ဆိုလျှင် ကျွန်ုပ်တို့၏အသက်ရှင်ခြင်းသည် စကြဝဠာဆိုင်ရာလူသစ်တစ်ဦး၏ အသက်ရှင်ခြင်းဖြစ်လိမ့်မည် – ယော၊၄း၄၃။ ၅း၃၀။ ၆း၃၈။ ၇း၄။ ရော၊၁၅း၃၂။ ယာ၊၄း၁၃–၁၅။**

က။ ကိုယ်ခန္ဓာတော်သည် လှုပ်ရှားနေသည်။ လူသစ်သည် အသက်ရှင်ခြင်းအတွက်ဖြစ်ပြီး၊ ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ ရှစ်ဆယ်မှ ကိုးဆယ် ရာခိုင်နှုန်းသည် ဆုံးဖြတ်ချက်ချခြင်းများကို ပြုနေသည် – ဖိလိ၊၁း၂၁–၂၆။ ၂ကော၊၁း၁၇–၂၀။

ခ။ လူသစ်၌ ကျွန်ုပ်တို့သည် မည်သို့အသက်ရှင်ရမည်ကို အစီအစဉ်ချမှတ်ရန်နှင့် ဆုံးဖြတ်ပေးရန် ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် ယူဆောင်ကြသည် – ရော၊၁၅း၃၂။

ဂ။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်မည်ဆိုလျှင် ကျွန်ုပ်တို့၏ အသက်တာ၌ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့ကိုယ်တိုင်အားဖြင့် ဆုံးဖြတ်လိမ့်မည်မဟုတ်ပေ – ဖိလေ၊၁၄။

၁။ ကျွန်ုပ်တို့သည် လူသစ်၏ အစိတ်အပိုင်းဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များနှင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့၏ အရာမဖြစ်ရပေ။ ၎င်းတို့သည် စုပေါင်းထားသောလူသစ်၏ ဆုံးဖြတ်ချက်များနှင့် အသက်ရှင်ခြင်းဖြစ်ရပေမည်။

၂။ လူသစ်၏ အသက်ရှင်ခြင်းသည် စုပေါင်းထားသော အသက်ရှင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များသည် စုပေါင်းထားသောဆုံးဖြတ်ချက်များဖြစ်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်များ မဖြစ်ရပေ – တ၊ ၁၅း၂၂–၂၉။

**IV. ပေါလုသည် လူသစ်တစ်ဦးအတွက် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ခရစ်တော်ကို ယူဆောင်ခြင်း၌ စံနမူနာဖြစ်သည် – ၁တိ၊၁း၁၆။**

က။ "ဘုရားသခင်ကို နှစ်သက်စေသည့် ... သားတော်ကို ငါ၌ ဖွင့်ပြတော်မူသောအခါ ..." – ဂလ၊၁း၁၅က၊ ၁၆က။

၁။ ဘုရားသခင့်သားတော်၏ အသက်ရှင်သောပုဂ္ဂိုလ်တော်ကို ဖွင့်ပြခြင်းနှင့် ဘုရားသခင်ကို နှစ်သက်ကျေနပ်စေသည့်အရာ အခြားမရှိပါ။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင့်သားတော်ကို ပြည့်ဝစွာ ဖွင့်ပြခံရခြင်းနှင့် ကျွန်ုပ်တို့၌ အသက်ရှင်သော ခရစ်တော်နှင့်အတူ ဖန်ဆင်းခြင်းအသစ်ဖြစ်လာခြင်း အဆင့်အထဲသို့တိုင်အောင် ခေါ်ဆောင်ခံရရန် လိုအပ်သည်။

ခ။ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်မှာ အသေခံပြီ။ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏" – ၂း၂၀က။

၁။ ပေါလုက ခရစ်တော်၏ အသက်သည် သူ၌ ရှင်နေသည်ဟု မပြောထားဘဲ၊ ပုဂ္ဂိုလ်တော်ခရစ်တော်သည် သူ၌ အသက်ရှင်

နေသည်ဟု ပြောခဲ့သည်။

၂။ ဘုရားသခင်၏ စီမံကိန်းမှာ "ငါ" သည် ခရစ်တော်၏ သေခြင်း၌ ကားတိုင်ပေါ် အသေခံရပြီး၊ ရှင်ပြန်ထမြောက်ခြင်းတွင် ကျွန်ုပ်တို့၌ ခရစ်တော် အသက်ရှင်လာခြင်းဖြစ်သည်။

ဂ။ "ခရစ်တော်သည် သင်တို့၌ ပုံပေါ် လာသည့်တိုင်အောင် သင်တို့အဖို့ တစ်ဖန် သားဖွားခြင်းဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့" – ၄း၁၉။

၁။ ကျွန်ုပ်တို့၌ ခရစ်တော်ပုံပေါ် လာခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော်ကို ပြည့်ဝစွာ ကြီးထွားလာစေခြင်းဖြစ်သည်။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ မွေးဖွားခဲ့ပြီဖြစ်၊ ယခုတွင် ကျွန်ုပ်တို့၌ ကိုယ်တော် အသက်ရှင်နေပြီး၊ ကျွန်ုပ်တို့၏ ရင့်ကျက်လာခြင်း၌ ကိုယ်တော်သည် ပုံပေါ် လာမည်ဖြစ်သည်။

ဃ။ "ယုံကြည်ခြင်းအားဖြင့် သင်တို့၏ စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ကို ဆောက်လုပ်မည့်အကြောင်း" – ဧ၊၃း၁၇က။

၁။ ခမည်းတော်ဘုရားသခင်သည် ကျွန်ုပ်တို့ကို အတွင်းလူအထဲသို့ ခွန်အားသန်စွမ်းစေရန် ဝိညာဉ်တော်ဘုရားမှတစ်ဆင့် ကိုယ်တော့်အခွင့်အာဏာတော်ဖြင့် လုပ်ဆောင်နေပြီး၊ သားတော်ဘုရားသည် ကျွန်ုပ်တို့စိတ်နှလုံးများ၌ နက်နဲစွာဖြင့် ကိုယ်တော့်အိမ်တော်ကို ဆောက်နေလျှက်ရှိသည်။

၂။ ကျွန်ုပ်တို့အတွင်းရှိ အခန်းအားလုံးကို ခရစ်တော်ထံ ဖွင့်ပေးကာ၊ ကျွန်ုပ်တို့၌ ကိုယ်တော်လုပ်ဆောင်လိုသမျှကို အပြည့်အဝလွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုမည်ဆိုလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကိုယ်တော်၏ အိမ်တော်ဖြစ်လာမည်ဖြစ်သည်။

င။ "ငါသည် သင်တို့အပေါင်းကို ခရစ်တော်ယေရှု၏ အတွင်းအစိတ်အပိုင်းများ၌ အဘယ်မျှလောက်လွမ်းသည်ဟု ဘုရားသခင်သည် ငါ၏ သက်သေဖြစ်တော်မူ၏" – ဖိလိ၊၁း၈။

၁။ ပေါလုသည် သူ၏ ဇာတိအတွင်းဖြစ်ခြင်း၌ အသက်မရှင်ခဲ့ပါ။ သူသည် ခရစ်တော်၏ အတွင်းအစိတ်အပိုင်းများ၌ရှိသောအသက်တာကို အသက်ရှင်ပြီး၊ ကိုယ်တော့်အတွင်းအစိတ်အပိုင်းများ၌ ခရစ်တော်ကို တွေ့ကြုံခံစားကာ၊ ကိုယ်တော့်အတွင်းအစိတ်အပိုင်းများ၌ ခရစ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခဲ့သည်။

၂။ ပေါလုသည် သူကိုယ်တိုင်၏ အတွင်းအစိတ်အပိုင်းများကို စောင့်ထိန်းခြင်းမဟုတ်ဘဲ၊ ခရစ်တော်၏ အတွင်းအစိတ်အပိုင်းများကို သူ၏ အတွင်းအစိတ်အပိုင်းများအဖြစ် ယူဆောင်ခဲ့သည်။ ပေါလု၏ အတွင်းဖြစ်ခြင်းသည် ခရစ်တော်၏ အတွင်းအစိတ်အပိုင်းများဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ထားခဲ့သည်။

စ။ "ခရစ်တော်ယေရှု၌ရှိသော ထိုအသိဉာဏ်ကို သင်တို့၌လည်း ရှိစေကြလော့" – ၂း၅။

၁။ ကျွန်ုပ်တို့၌ ခရစ်တော်၏ အသိဉာဏ်ကို ထားရှိခြင်းမှာ ကျွန်ုပ်တို့၏ ဇာတိအသိဉာဏ်ကို ငြင်းပယ်ကာ၊ ကိုယ်တော့်အသိဉာဏ်ကို ယူဆောင်ခြင်းအားဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့ပုဂ္ဂိုလ်အဖြစ် ယူဆောင်ခြင်းဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် ယူဆောင်ရန် ရည်ရွယ်ထားသည်ဆိုလျှင် ကျွန်ုပ်တို့၏ အသိဉာဏ်ကို ငြင်းပယ်ကာ၊ ခရစ်တော်၏ အသိဉာဏ်အားဖြင့် အစားထိုးထားသည့် အသိဉာဏ်ကို ရရှိရန် လိုလားဆန္ဒရှိရမည်။

ဆ။ "အကြောင်းမူကား ငါသည် တစ်စုံတစ်ယောက်သောသူ၏ အပြစ်ကို လွှတ်ဖူးလျှင် သင်တို့ကို ထောက်၍ ခရစ်တော်၏ ပုဂ္ဂိုလ်၌ လွှတ်ဖူး၏" – ၂ကော၊၂း၁၀။

၁။ ပေါလုသည် ခရစ်တော်ကို အနီးကပ်ဆုံး၌၊ ကိုယ်တော်နှင့် အရင်းနှီးဆုံးဆက်သွယ်ခြင်း၌ အသက်ရှင်ခဲ့ပြီး၊ ကိုယ်တော့်မျက်စေ့တော်ညွှန်ရာအတိုင်း ပြုမူခဲ့သည်။

၂။ ပေါလုသည် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခဲ့ပြီး၊ ခရစ်တော်နှင့် ပြည့်ဝကာ၊ ခရစ်တော်နှင့် စိမ့်ဝင်ပျံ့နှံ့ခဲ့သည်။ သူသည် သူ၏ ဇာတိအသက်၌ ကျိုးပဲ့ကာ အဆုံးသတ်ခံရပြီး၊ သူ၏ အလိုဆန္ဒ၌ နူးညံ့၍ ပြောင်းလွယ်ပြင်လွယ်ဖြစ်လျှက်၊ သူ၏ ခံစားမှုတွင် ချစ်ခင်တတ်သော်လည်း တင်းကြပ်သောသူဖြစ်ခြင်း၊ သူ၏ အသိဉာဏ်၌ တည်ကြည်ခြင်းနှင့် လေးနက်ခြင်း၊ သန့်ရှင်းသူများထံ သူတို့၏ အကျိုးအလို့ငှာ သူ၏ ဝိညာဉ်၌ ဖြူစင်ကာ စစ်မှန်ခြင်းရှိသောသူဖြစ်သည်။

ဇ။ "အသွေးအသားအတိုင်း မလျှောက်လှမ်း၊ ဝိညာဉ်အတိုင်း လျှောက်လှမ်းသော ငါတို့တွင် တရား၌ပါသော ဖြောင့်မတ်သော တောင်းဆိုမှု ပြည့်စုံမည့်အကြောင်းတည်း" – ရော၊၈း၄။

၁။ လက်တွေ့ကျခြင်း၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် ယူဆောင်ခြင်းမှာ ပေါင်းစည်းထားသောဝိညာဉ်အတိုင်း ကျွန်ုပ်တို့၏ ဖြစ်ခြင်းကို လုံးလုံး ရယူရန်ဖြစ်သည်။

၂။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ကျွန်ုပ်တို့၏ ဖြစ်ခြင်းကို သွန်သင်ခြင်း၊ ခံစားချက်၊ ခံယူချက်များ သို့မဟုတ် ပတ်ဝန်းကျင်အခြေအနေများအတိုင်းမဟုတ်ဘဲ၊ ပေါင်းစည်းထားသောဝိညာဉ်အတိုင်း ထားရှိကာ၊ စကြဝဠာဆိုင်ရာလူသစ်တစ်ဦးအတွက် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် ခရစ်တော်ကို ယူဆောင်ရမည်ဖြစ်သည်။

## Message Three
## ဖေက်စာစောင်၌ရှိသော ပေါလု၏ဆုတောင်းချက်(၂)ချက်

ဖတ်ရန်ကျမ်း။ ။ ဧ၊၁း၁၇–၂၃။ ၃း၁၄–၂၁

**I. ဖေက်၊၁း၁၇–၂၃ ရှိ ပေါလု၏ဆုတောင်းချက်။**

က။ "–––ဘုန်းကြီးသောခမည်းတော်သည် ကိုယ်တော်မြတ်ကို ပြည့်ဝစွာသိကျွမ်းခြင်း၌ ပညာ၏ဝိညာဉ်နှင့် ဖွင့်ပြခြင်းကို သင်တို့အား ပေးပါမည့်အကြောင်း၊"– ၁း၁၇။

၁။ ဤနေရာရှိ ဝိညာဉ်မှာ သခင်ဘုရား၏ဝိညာဉ်တော်ကို မဆိုလိုဘဲ၊ ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်နေရသော ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခံရသောဝိညာဉ်ကို ဆိုလိုသည်။

၂။ မြင်ဖို့ရန် မျက်စိ၊ ကြားဖို့ရန် နားကို အသုံးပြုရသကဲ့သို့ ဘုရားသခင်ကို ထိတွေ့ရန်နှင့် ဆက်သွယ်ရန် ကျွန်ုပ်တို့၏ဝိညာဉ်ကို အသုံးပြုရန် လိုအပ်သည်။

၃။ အသင်းတော်ကို အကုန်အစင်သိရှိရန်နှင့် အသင်းတော်ကို ရှင်းလင်းစွာမြင်ရန် ပညာနှင့်ဖွင့်ပြခြင်းဝိညာဉ်ကို လိုအပ်သည်။

ခ။ "သင်တို့၏စိတ်နှလုံးမျက်စိများသည် အလင်းကိုခံရ၍၊ ––––––– အဘယ်အရာများဖြစ်သည်ကို သိခြင်းငှာလည်းကောင်း၊"– အငယ်၊၁၈။

၁။ ဘုရားသခင့်ခေါ်တော်မူခြင်း၏ မျှော်လင့်ရာ – သခင်ယေရှုပြန်ကြွလာခြင်း၏မျှော်လင့်ရာ – cf. ကော၊၁း၂၇။

၂။ သန့်ရှင်းသူများ၌ ကိုယ်တော့်အမွေတော်၏ ဘုန်းကြွယ်ဝခြင်းများ – ဘုရားသခင့်ဘုန်းကြွယ်ဝခြင်းများကို သန့်ရှင်းသူများ၏ ထင်ရှားခြင်းမှာ သန့်ရှင်သူများ၌ ဘုရားသခင်အမွေခံလိုသောအရာဖြစ်သည်။

၃။ ယုံကြည်သောကျွန်ုပ်တို့အဖို့ ကိုယ်တော့်တန်ခိုးတော်၏ သာလွန်ကြီးမြတ်ခြင်း – သခင်ယေရှုခရစ်၌ ပြုပြင်လုပ်ဆောင်သော တန်ခိုးတော်။

က။ ရှင်ပြန်ထမြောက်သောတန်ခိုးတော် – အငယ်၊၂၀။

ခ။ သာလွန်တက်ကြွသောတန်ခိုးတော် – အငယ်၊၂၀–၂၁။

ဂ။ ခြေဖဝါးတော်အောက်သို့ ချထားတော်မူသောတန်ခိုးတော် – အငယ်၊၂၂။

ဃ။ ချုပ်ချာစေတော်မူသောတန်ခိုးတော် – အငယ်၊၂၂။

ဂ။ အလုံးစုံတို့၌ အလုံးစုံတို့ကို ပြည့်စုံစေတော်မူသောသူ၏ ပြည့်ဝပြည့်စုံခြင်းဖြစ်သော ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်းဟူသော အသင်းတော်သည် ခရစ်တော်၏ တန်ခိုးတော်(၄) ခုမှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။

**II. ဖေက်၊၃း၁၄–၂၁ ရှိ ပေါလု၏ဆုတောင်းချက်။**

က။ အခန်းတစ်၌ရှိသော ပေါလု၏ ပထမဆုတောင်းချက်မှာ အသင်းတော်အထဲသို့ ဝင်ရောက်သွားရန် တတ်စွမ်းစေသော အသင်းတော်ကို ကျွန်ုပ်တို့၏ သိကျွမ်းခြင်းနှင့်ဆက်နွယ်သည်။ အခန်းသုံး၌ရှိသော သူ၏ဒုတိယဆုတောင်းချက်မှာ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသောရလဒ်ဖြစ်သည့် အသင်းတော်အသက်တာကို ကျွန်ုပ်တို့အသက်ရှင်ခြင်းနှင့် ဆက်နွယ်သည်။

ခ။ ကျွန်ုပ်တို့၏ဝိညာဉ်သည် အသင်းတော်ကို သိကျွမ်း၍ ဝင်ရောက်သွားစေသောအင်္ဂါဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ အသင်းတော်၌ တည်ကြည်ရန်နှင့် အသင်းတော်ကို အသက်ရှင်ခြင်းရှိရန် ကျွန်ုပ်တို့၏ဝိညာဉ်သည် ကျွန်ုပ်တို့၏ အတွင်းလူ၊ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ဖြစ်လာရမည်ဖြစ်သည် – ၁း၁၇။ ၃း၁၆။

ဂ။ ကျွန်ုပ်တို့၏ အတွင်းလူသည် ကိုယ်တော်၏ဝိညာဉ်တော်မှတစ်ဆင့် တန်ခိုးတော်ဖြင့် ခွန်အားခိုင်ခံ့ခြင်းရှိရန် လိုသည် – အငယ်၊၁၆။

၁။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ဝိညာဉ်တော်ကို ဆက်သွယ်ရန်အတွက် ကျွန်ုပ်တို့၏ဝိညာဉ်ကို အသုံးပြု၍ လေ့ကျင့်သော အခါ ကျွန်ုပ်တို့၏ အတွင်းလူသည် ခွန်အားခိုင်ခံ့ခြင်းရှိသည်။

၂။ ဤနေရာရှိတန်ခိုးတော်မှာ ၁း၁၉–၂၂ ၌ ညွှန်းဆိုထားသည့် ခရစ်တော်၌ ပြုပြင်လုပ်ဆောင်တော်မူသည့် လေးဆသော တန်ခိုးတော်ဖြစ်သည်။

ဃ။ "ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏ အိမ်တော်ဆောက်လုပ်မည့်အကြောင်း၊" – အငယ်၊ ၁၇က။

၁။ ပုဂ္ဂိုလ်ဖြစ်ခြင်း၏ အလယ်ဗဟိုမှာ စိတ်နှလုံးဖြစ်၍၊ ယင်းမှာ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒနှင့် သြတ္တပ္ပ

စိတ်တို့ဖြင့် ပေါင်းစည်းထားသည်။

၂။ ကျွန်ုပ်တို့၏ အတွင်းအစိတ်အပိုင်းများကို ကိုယ်တော်ပိုင်ဆိုင်နိုင်ရန်အတွက် ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ ပုဂ္ဂိုလ်တော်အဖြစ် ကိန်းဝပ်နေရမည်ဖြစ်သည်။

၃။ ခရစ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ပို၍ပျံ့နှံ့လေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌ နေရာချခွင့်နှင့် အိမ်တော်ဖြစ်စေခွင့်၊ ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်း အစိတ်အပိုင်းတိုင်း၌ နေရာယူခွင့်၊ ထိုအစိတ်အပိုင်းများအားလုံးကို ပိုင်ဆိုင်ခွင့်၊ မိမိကိုယ်တော်တိုင်နှင့်ပြည့်ဝစေခွင့်ရရှိလေလေဖြစ်သည်။

၄။ ကျွန်ုပ်တို့၌ ခရစ်တော်၏ အတွင်းကိန်းဝပ်နေခြင်းကို ယုံကြည်ခြင်းအာရုံအားဖြင့် သိရှိနားလည်နိုင်သည်။

င။ "မေတ္တာ၌ အမြစ်စွဲခြင်းနှင့်အခြေပြုခြင်းရှိမည့်အကြောင်း၊"–အငယ်၊၁၇။

၁။ ယုံကြည်ခြင်းသည် ခရစ်တော်ကို သိနားလည်ရန် တတ်စွမ်းစေ၍၊ မေတ္တာသည် ကိုယ်တော့်ကို ကျွန်ုပ်တို့မွေ့လျော်ရန်တတ်စွမ်းစေသည်။

၂။ အမြစ်စွဲခြင်း ဟူသည်မှာ ကျွန်ုပ်တို့သည် အပင်များဖြစ်ကြောင်းကို ဆိုလို၍၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် အခြေပြုခြင်းရှိသည်မှာ ကျွန်ုပ်တို့သည် အဆောက်အဦးဖြစ်ကြောင်းကို ရည်ညွှန်းသည်။

၃။ ကျွန်ုပ်တို့သည် မေတ္တာတော်၌ အမြစ်စွဲခြင်းနှင့် အခြေပြုခြင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် အသက်တော်၌ ကြီးထွား၍ တည်ဆောက်ခံရကြသည်။

စ။ "သန့်ရှင်းသူအပေါင်းတို့နှင့်အတူ အနံ၊ အလျား၊ အမြင့်နှင့် အနက်တို့ကို သိနားလည်ခြင်းငှာ ခွန်အားနှင့်ပြည့်ဝ၍၊" – အငယ်၊၁၈။

၁။ အတိုင်းအတာလေးခုမှာ အကန့်အသတ်မရှိသော ခရစ်တော်၏ အတိုင်းအတာများဖြစ်သည်။

၂။ ခရစ်တော်၏ အတိုင်းအတာများကို သိရှိနားလည်ရန် သန့်ရှင်းသူများအားလုံးကို လိုအပ်သည်၊ တစ်ဦးချင်းသီးခြားမဟုတ်ဘဲ၊ စုပေါင်းခြင်းကို လိုအပ်သည်။

၃။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများ၌ အိမ်တော်ပြုလုပ်နိုင်သောအခါ၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအတွင်း အစိတ်အပိုင်းများအားလုံး၌ နေရာယူနိုင်သောအခါ ကျွန်ုပ်တို့သည် သန့်ရှင်းသူများအားလုံးနှင့် အတူတကွ တည်ဆောက်ခြင်းခံရန် တတ်စွမ်းနိုင်မည်ဖြစ်သည် – ၂း၂၁–၂၂။ ၄း၁၂၊ ၁၆။

ဆ။ "ကိုယ့်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိခြင်းငှာလည်းကောင်း၊ သင်တို့သည် ဘုရားသခင်၏ ပြည့်ဝပြည့်စုံတော်မူခြင်းသို့ ရောက်ရှိသည့်တိုင်အောင်၊ ပြည့်စုံမည်အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ၏" – အငယ်၊၁၉။

၁။ ခရစ်တော်သည် အတိုင်းအတာမဲ့ဖြစ်သကဲ့သို့ ကိုယ်တော်၏ မေတ္တာတော်သည်လည်း ထိုနည်းတူ ဖြစ်သည်။

၂။ ကိုယ်တော်၏ အတွင်းကိန်းဝပ်ခြင်းအားဖြင့် ခရစ်တော်သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်းကို ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပေးသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသင်းတော်၏ လက်တွေ့ကျထင်ရှားခြင်းရှိရန် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းတိုင်အောင် ဖြည့်ခြင်းခံရမည်ဖြစ်သည်။ ထိုထင်ရှားခြင်း၌ ဘုရားသခင်သည် ဘုန်းထင်ရှားသည်။

ဇ။ "ကိုယ်တော်သည် အသင်းတော်၌ နှင့် ခရစ်တော်ယေရှု၌ မျိုးဆက်များအပေါင်းတို့ထံသို့ ကာလအစဉ်အဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်" – အငယ်၊ ၂၁။

Message Four

# လူသစ်တစ်ဦး၏စုပေါင်းအသက်ရှင်ခြင်းအတွက် အရာအားလုံး၌ ခရစ်တော်အထဲသို့ ကြီးထွားခြင်းနှင့် ယေရှု၌ရှိသောစစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သင်ယူခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၊၄း၁၃–၁၆၊ ၂၀–၂၁၊ ၂၄

**I. လူသစ်တစ်ဦး၏စုပေါင်းအသက်ရှင်ခြင်းအတွက်၊ ကျွန်ုပ်တို့သည် အရာအားလုံး၌ ခရစ်တော်အထဲသို့ ကြီးထွားရန် လိုအပ် သည်–ဧ၊၄း၁၄–၁၆၊ ၂၄။**

က။ ခရစ်တော်အထဲသို့ ကြီးထွားရန် ဆိုသည်မှာ ကြီးရင့်သောလူတစ်ဦးအဖြစ်သို့ ရောက်ရှိသည့်တိုင်အောင် အရာအားလုံးတွင် ကျွန်ုပ်တို့၌ ခရစ်တော်တိုးပွားလာခြင်းဖြစ်သည်–အငယ်၊၁၃–၁၅။

ခ။ ကျွန်ုပ်တို့အားလုံးသည် အရာအားလုံး၌ ဆိုလိုသည်မှာ ကြီးသောအရာဖြစ်စေ၊ ငယ်သောအရာဖြစ်စေ အရာ တစ်ခုစီတိုင်း၌ ခရစ်တော်အထဲသို့ ကြီးထွားရန်လိုအပ်သည်–အငယ်၊၁၅။

၁။ များစွာသောအရာတို့၌ ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကြီးထွားခြင်းမရှိကြသေးပေ။ ဤအရာတို့၌ ကျွန်ုပ်တို့သည် ခရစ်တော်၌ မရှိဘဲ၊ ခရစ်တော်ပြင်ပတွင် ရှိနေကြသည်။

၂။ ကျွန်ုပ်တို့အားလုံးသည် အရာအားလုံး၌ ခရစ်တော်အထဲသို့ ကြီးထွားလာသောအခါ၊ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိကြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ စကြဝဠာဆိုင်ရာလူသစ်တစ်ဦးဖြစ်သည်–အငယ်၊ ၂၄။

၃။ အရာအားလုံး၌ ခရစ်တော်အထဲသို့ကြီးထွားလာခြင်းသည် စကြဝဠာဆိုင်ရာလူသစ်တစ်ဦး၏ လက်တွေ့ကျသော တည်ရှိ ခြင်းအတွက်ဖြစ်သည်–အငယ်၊ ၂၄။

၄။ အငယ်၊၁၅ရှိ ခရစ်တော်အထဲသို့ ကြီးထွားခြင်းသည် အငယ်၊ ၂၄ရှိ လူသစ်ကို ယူတင်ဝတ်ဆင်ခြင်းနှင့် ညီမျှသည်။

၅။ အငယ်၊၁၃ရှိ ကြီးရင့်သောလူသည် ကြီးရင့်ခြင်းရှိလာသည့် အငယ်၊ ၂၄ရှိ လူသစ်တစ်ဦးကို ရည်ညွှန်းသည်။

ဂ။ ဖေက်၊၄ တွင် အသက်၏ကြီးထွားခြင်းအားဖြင့် လူသစ်၏စုံလင်လာခြင်းအကြောင်းကို ပြောဆိုထားသည်။ ခရစ်တော် အားဖြင့် ဖန်ဆင်းခံရသောလူသစ်တစ်ဦးသည် လုပ်ရှားလုပ်ဆောင်ခြင်းပြုနိုင်ရန်အတွက် စုံလင်ခြင်းရှိလာရမည် ဖြစ်သည်။

၁။ ဧ၊၂း၁၅၌ ရှင်သန်စွာစေ့စပ်ထုံးဖွဲ့ထားသော လူသစ်၏ဖန်ဆင်းခြင်းကို မြင်ရသည်။ ၄း၁၃–၁၆၌ သူ၏လှုပ်ရှား လုပ်ဆောင်မှုနှင့် စပ်လျဉ်းပြီး လူသစ်၏စုံလင်လာခြင်းကို မြင်ရသည်။

၂။ ရှင်သန်စွာစေ့စပ်ထုံးဖွဲ့ထားသည့်စုံလင်သောလူသစ်တစ်ဦးသည် သင့်လျော်မှန်ကန်သောနည်းလမ်း၌ လှုပ်ရှား လုပ်ဆောင်နိုင်ရန် အသက်၏ကြီးထွားခြင်းမှတစ်ဆင့် စုံလင်ခြင်းရှိလာရန် လိုအပ်သည်–အငယ်၊၁၂–၁၅။

(က) လူသစ်တစ်ဦးသည် သင့်လျော်မှန်ကန်သောကျွေးမွေးခြင်းကို ရရှိခြင်းအားဖြင့်သာ လှုပ်ရှားလုပ်ဆောင် ခြင်း၌ စုံလင်ခြင်းရှိလာနိုင်သည်။ ဤသည်မှာ ဖေက်စာစောင်၌ရှိသည့် အနက်နဲဆုံးသော ယူဆချက်များ ထဲမှ တစ်ခုဖြစ်သည်။

(ခ) ကျွန်ုပ်တို့သည် ကျွေးမွေးခြင်းနှင့် ပြုစုယုယခြင်းမှတစ်ဆင့် လူသစ်တစ်ဦးကို စုံလင်လာစေရမည့် ကျွန်ုပ်တို့ ၏ တာဝန်ရှိခြင်းကို ပြည့်စုံစေရန်လိုအပ်သည်–၅း ၂၉။

(ဂ) လူသစ်တစ်ဦးသည် သင့်လျော်မှန်ကန်သောကျွေးမွေးခြင်းကို လက်ခံရရှိခြင်းအားဖြင့် ပို၍ကြီးထွားလာ လေလေ၊ ပိုမှန်လှုပ်ရှားလုပ်ဆောင်ခြင်းရှိလာလေလေ ဖြစ်လိမ့်မည်။

၃။ စုပေါင်းထားသောလူသစ်၏ကြီးထွားခြင်းအတွက်၊ ကျွန်ုပ်တို့သည် ကားတိုင်ပေါ်အသေခံသော၊ ရှင်ပြန်ထ မြောက်သော၊ တက်ကြွသော၊ ပြန်လည်ဆင်းသက်လာသောခရစ်တော်ကို တွေ့ကြုံခံစားရန် လိုအပ်သည်။ သို့မှသာ အရာအားလုံးပါဝင် သောခရစ်တော်သည် ကျွန်ုပ်တို့၏ အရာအားလုံးဖြစ်လာရန် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာ လိမ့်မည်ဖြစ်သည်။ သို့မှသာ ရှင်သန်စွာစေ့စပ်ထုံးဖွဲ့ခံရသော စုံလင်သောလူသစ်သည် လှုပ်ရှားလုပ်ဆောင်ခြင်း၌ စုံလင်လာလိမ့်မည်ဖြစ်သည်–၃း၁၆–၁၇က။ ၄း၁၃၊ ၂၄။

**II. လူသစ်တစ်ဦး၏စုပေါင်းအသက်ရှင်ခြင်းအတွက်၊ ကျွန်ုပ်တို့သည် ယေရှု၌ရှိသော စစ်မှန်ခြင်းအဖြစ် ခရစ်တော်ကို သင်ယူရန်လိုအပ် သည်–အငယ်၊ ၂၀–၂၁။**

က။ အငယ်၊ ၂၀၌ ပေါလုသည် ခရစ်တော်ကို သင်ယူခြင်းအကြောင်း ပြောဆိုထားသည်။

၁။ ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အသက်ဖြစ်ရုံသာမက၊ ပုံသက်သေလည်း ဖြစ်သည်။ မြေကြီးပေါ်ရှိ ကိုယ်တော်၏ အသက်တာ၌ သခင်ယေရှုသည် ပုံစံနမူနာ၊ ပုံစံခွက်ကို ပြသခဲ့သည်–ယော၊၁၃း၁၅။ ၁ပေ၊၂း၂၁။

၂။ ကယ်တင်ခံရခြင်းမှာ ဘုရားသခင်အားဖြင့် ခရစ်တော်အထဲသို့ ထည့်သွင်းခံရခြင်းဖြစ်သည်–၁ကော၊၁း၃၀။

၃။ ဗတ္တိဇံအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပုံစံနမူနာတည်းဟူသောခရစ်တော်အထဲသို့ ထည့်သွင်းခဲ့သည်။ ဗတ္တိဇံခံခြင်းဆိုသည်မှာ ပုံစံခွက်တည်းဟူသော ခရစ်တော်အထဲသို့ထည့်သွင်းခံရခြင်းဖြစ်သည်– ရော၊၆း၃။ ဂလ၊၃း၂၇။

၄။ ပုံစံခွက်အထဲသို့ ထည့်သွင်းခံရခြင်း အားဖြင့် ကျွန်ုပ်တို့သည် လူဟောင်းကို ချွတ်ပယ်၍၊ လူသစ်ကို ယူတင်ဝတ်ဆင်ကြသည် – ဧ၊၄း၂၂၊၂၄။

၅။ ကျွန်ုပ်တို့သည် စစ်မှန်ခြင်းဖြစ်သော ယေရှု၏ အသက်တာပုံစံခွက်အတိုင်း ခရစ်တော်ကို သင်ယူကြသည် – အငယ်၊၂၀–၂၁။

၆။ ခရစ်တော်ကို သင်ယူခြင်းဆိုသည်မှာ ပုံစံခွက်တည်းဟူသော ခရစ်တော်အထဲသို့ ထည့်သွင်းခံခြင်းဖြစ်သည်။ ဤသည်မှာ မြေကြီးပေါ်ရှိ ကိုယ်တော်၏ နှစ်ကာလများအတွင်း ကိုယ်တော်အားဖြင့် ပြသခဲ့သော ပုံစံနမူနာအထဲသို့ ပုံသွင်းခံခြင်း ဖြစ်သည်–အငယ်၊၂၀။

ခ။ *ယေရှု၌ရှိသော စစ်မှန်ခြင်း* ဟူသော ဖော်ပြချက်မှာ ဧဝံဂေလိလေးကျမ်း၌ မှတ်တမ်းတင်ထားသည့်အတိုင်း ယေရှုအသက်တာ၏ အမှန်တကယ်ဖြစ်သောအခြေအနေကို ရည်ညွှန်းသည်။ ယေရှု၏ အသက်တာသည် စစ်မှန်ခြင်းရှိသော အသက်တာဖြစ်သည် –အငယ်၊၂၁။

၁။ အငယ်၊၁၇ နှင့် ၂၁ ၌ အသိဉာဏ်၏ အချည်းနှီးဖြစ်ခြင်းနှင့် ယေရှု၌ရှိသော စစ်မှန်ခြင်းအကြားရှိ ဆန့်ကျင်ဘက်ဖြစ်ခြင်းကို မြင်ရသည်။

၂။ စစ်မှန်ခြင်း ဆိုသည်မှာ အလင်း၏ထွန်းလင်းခြင်းဖြစ်သည်။ အလင်းသည် အရင်းအမြစ်ဖြစ်ပြီး၊ စစ်မှန်ခြင်းသည် ထင်ရှားခြင်းဖြစ်သည်–ယော၊ဂး၁၂။

(က) သခင်ယေရှုသည် အလင်းဖြစ်သောဘုရားသခင်၏ ထွန်းလင်းခြင်းဖြစ်သည်–ဟေဗြဲ၊၁း၃။ ၁ယော၊၁း၅။

(ခ) မြေကြီးပေါ်ရှိ သခင်ဘုရား၏ အသက်ရှင်ခြင်း ပုံပန်းသွင်ပြင်တိုင်း၌ အလင်း၏ထွန်းလင်းခြင်းရှိသည်။ ကိုယ်တော်၏ အသက်တာသည် စစ်မှန်ခြင်းရှိသောအသက်တာ၊ ထွန်းလင်းသောဘုရားသခင်ကိုယ်တော်တိုင်၏ အသက်တာဖြစ်သည်။ စစ်မှန်ခြင်းရှိသောအသက်တာသည် ဘုရားသခင်ကို ထင်ရှားခြင်းဖြစ်သည်– ယော၊ဂး၁၂။ ၁၄း၆။

ဂ။ လူသစ်တစ်ဦး၏ အသက်ရှင်ခြင်းသည် ယေရှု၏ အသက်ရှင်ခြင်းနှင့် တစ်ထပ်တည်း တူညီရမည်ဖြစ်သည်– ဧ၊၄း၂၀။

၁။ မြေကြီးပေါ်တွင် သခင်ယေရှုအသက်ရှင်ခဲ့သောနည်းလမ်းမှာ ယနေ့ လူသစ်အသက်ရှင်သင့်သောနည်းလမ်း ဖြစ်သည် – မ၊၁၁း၂၈–၃၀။ ယော၊၆း၅၇။ ၄း၃၄။ ၅း၁၇၊၁၉၊၃၀။ ၆း၃၈။ ၁၇း၄။

၂။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းစံနှုန်းသည် ယေရှု၌ရှိသော စစ်မှန်ခြင်းအတိုင်းဖြစ်ရမည်–ဧ၊၄း၂၀။

(က) ကိုယ်တော်သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝရှိပြီး၊ အရာအားလုံးကို ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် လုပ်ဆောင်ခဲ့သောအသက်တာကို အသက်ရှင်ခဲ့သည်။

(ခ) ယေရှု၏ လူသားအသက်ရှင်ခြင်းသည် စစ်မှန်ခြင်းအတိုင်းဖြစ်သည်၊ ယင်းမှာ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ပြည့်ဝနေသော ဘုရားသခင်ကိုယ်တော်တိုင်အတိုင်း ဖြစ်သည် –အငယ်၊၂၄။

၃။ ကျွန်ုပ်တို့သည် စစ်မှန်ခြင်းရှိသောအသက်တာကို အသက်ရှင်ဖို့ ခရစ်တော်ကို သင်ယူရန်နှင့် ကိုယ်တော်၌ သွန်သင်ခြင်း ခံရန် လိုအပ်သည် –အငယ်၊၂၀–၂၁။ ၂ယော၊၁။ ယော၊၄း၂၃–၂၄။

၄။ စုပေါင်းထားသောပုဂ္ဂိုလ်တစ်ဦးဖြစ်သော လူသစ်တစ်ဦးသည် ဘုရားသခင်ကို ထင်ရှားသောအသက်တာဖြစ်သည့် ယေရှု၌ရှိသော စစ်မှန်ခြင်းဖြစ်သည့် စစ်မှန်ခြင်းရှိသောအသက်တာကို အသက်ရှင်သင့်သည်–ဧ၊၄း၂၁။

၅။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသိဉာဏ်၏ ဝိညာဉ်အတိုင်း အသက်ရှင်မည်ဆိုလျှင်၊ စုပေါင်းထားသော လူသစ်၏ အသက်ရှင်ခြင်း–ယေရှု၌ရှိသော စစ်မှန်ခြင်းနှင့် ကိုက်ညီသောအသက်ရှင်ခြင်း–ရှိကြလိမ့်မည်ဖြစ်သည်–အငယ်၊၂၃။

ဃ။ အသင်းတော်အသက်တာသည် စုပေါင်းထားသောလူသစ်တစ်ဦး၏ နေ့စဉ်လျှောက်လှမ်းခြင်း၊ သဘောသဘာဝနှင့် ပြုမူလုပ်ဆောင်ခြင်း၌ လုံးလုံးအသစ်ဖြစ်သောလျှောက်လှမ်းခြင်း ဖြစ်သည်။ လူသစ်တစ်ဦးနှင့်ဆက်နွှယ်နေသော အရာအားလုံးသည် အသစ်ဖြစ်သည်–အငယ်၊၁၇–၃၂။

င။ လူသစ်တစ်ဦးသည် ဘုရားသခင်၏ အသက်၊ သဘောသဘာဝနှင့်အတူ ဘုရားသခင်ကိုယ်တော်တိုင်အတိုင်းဖြစ်သောကြောင့်၊ လူသစ်တစ်ဦး၌ ဘုရားဆိုင်ရာဖြစ်သောအသက်ရှိရမည်။ ထိုကဲ့သို့သောအသက်မှာ တစ်ဦးချင်းဆိုင်ရာမဟုတ်ဘဲ၊ ပေါင်းစည်းထားသောအသက်ဖြစ်လိမ့်မည်–အငယ်၊၂၄။

## Message Five
## လူဟောင်းကို ချွတ်ပယ်ခြင်းနှင့်၊ လူသစ်ကို ဝတ်ဆင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၊ ၂း၁၅။ ၄း ၂၂–၂၄

**I. ကျွန်ုပ်တို့၏လူဟောင်းကို ချွတ်ပယ်ခြင်းနှင့် လူသစ်ကို ဝတ်ဆင်ခြင်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့သင်ယူခြင်း၏ ထင်ရှားခြင်းဖြစ်သည် – ဧ၊၄း ၂၀–၂၄။**

က။ လူဟောင်းကို ချွတ်ပယ်ခြင်းမှာ အသက်တာဟောင်းနည်းလမ်း၊ ယခင်ကအသက်ရှင်ခြင်းနှင့် အသိုင်းအဝိုင်းအဟောင်းကို ချွတ်ပယ်ခြင်းဖြစ်သည် – အငယ်၊ ၂၂။

ခ။ လူသစ်ကို ဝတ်ဆင်ခြင်းမှာ ခရစ်တော်သည် မိမိကိုယ်တော်တိုင်၌ ဖန်ဆင်းထားသော လူသားမျိုးနွယ်သစ်၏ အသက်သစ်ဖြစ်သော အသင်းတော်အသက်တာရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် စုပေါင်းခြင်းအဖြစ် အသစ်သောလူသားဖြစ်သော အသင်းတော်အသက်တာကို ယူတင်ဝတ်ဆင်ရန် လိုအပ်သည် – ၂း၁၅။ ၄း ၂၄။

ဂ။ အကယ်၍ ကျွန်ုပ်တို့သည် လူသစ်ဖြစ်လိုသည်ဆိုပါက၊ လူဟောင်း၏ အသိုင်းအဝိုင်းအဟောင်းကို ချွတ်ပယ်ရမည်ဖြစ်၍၊ လူသစ်၏ အသိုင်းအဝိုင်းအသစ်ကို ယူတင်ဝတ်ဆင်ရမည်ဖြစ်သည် – ညွှန်း၊ တ၊ ၂း၄၂–၄၇။

**II. ဤကမ္ဘာလောက၏နိုင်ငံတိုင်း၌၊ လူမျိုးတိုင်း၏အလယ်၌ အသက်တာအမူအကျင့်ကိုယ်စီရှိကြသည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော သန့်ရှင်းသူများသည် သူတို့၏ယခင်ကအသက်တာအမူအကျင့်ကို ကိုင်စွဲထားကြဆဲရှိသည်။**

က။ ကျွန်ုပ်တို့သည် အမှန်တကယ်ပင် အသစ်ပြုပြင်ခံလိုသည်ဆိုပါက၊ ဝိနည်းအထုံးအဖွဲ့များနှင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းနည်းလမ်းတို့ပါဝင်နေသော ယခင်က အသက်တာအမူအကျင့်ကို ချွတ်ပယ်လိုက်ရမည်ဖြစ်သည် – ဧ၊ ၂း၁၅။ ၄း ၂၄။

ခ။ လူသစ်၌ လူမျိုးတိုင်း၏ ဇာတိလူ သို့မဟုတ် ရိုးရာယဉ်ကျေးမှုတို့ ပါဝင်တည်ရှိရန် မဖြစ်နိုင်၊ မရနိုင်ပေ။ အကြောင်းမှာ ဤလူမျိုးများ၌ တွေ့ရသော ယခင်အသက်တာ၏ အမူအကျင့်တို့သည် ချွတ်ပယ်လိုက်ပြီးဖြစ်သည် – ကော၊၃း၁၀–၁၁။

၁။ အသင်းတော်အသက်တာအစဉ်တကျရှိရန် မတူညီသောရိုးရာယဉ်ကျေးမှုနှင့် တိုင်းနိုင်ငံများရှိ လူများသည် သူတို့၏ ယခင်အသက်တာအမူအကျင့်၌ ထင်ရှားသော လူဟောင်းကို ချွတ်ပယ်လိုက်ရမည်ဖြစ်သည်။ အသင်းတော်အသက်တာ၌ ခရစ်တော်အတွက်သာ နေရာရှိသည် – အငယ်၊၁၁။

၂။ အမျိုးမျိုးသောအသက်တာအမူအကျင့်များအားလုံးနှင့် လူများအလယ်ရှိ ခြားနားမှုများမှာ ဗာဗေလမှ ဆင်းသက်လာသောအမွေဖြစ်သည်။ သို့သော် ခရစ်တော်သည် လူသစ်တစ်ဦးကို ထုတ်လုပ်ရန် ကားတိုင်ပေါ်တွင် ထိုခြားနားမှုများအားလုံးကို သတ်ဖြတ်လိုက်ပြီးဖြစ်သည် – ဧ၊ ၂း၁၄–၁၅။

၃။ ကျွန်ုပ်တို့သည် အသက်တာ၏ အမူအကျင့်တို့ကို ဖြောင့်မတ်ခြင်း သို့မဟုတ် ဘုန်းအဖြစ် မယူဆောင်ရပေ။ အကြောင်းမှာ အသက်တာနည်းလမ်းတိုင်း၏ အမူအကျင့်တွင် ဝိနည်းအထုံးအဖွဲ့များပါဝင်နေ၍၊ ၎င်းတို့ကို ချွတ်ပယ်ပစ်ရမည်ဖြစ်သည်။

**III. ယခင်အသက်တာအမူအကျင့်မှာ ကျွန်ုပ်တို့နှင့်ဆက်နွှယ်သော အရာအားလုံးပါဝင်သည် – ကျွန်ုပ်တို့၏ဖြစ်သောအရာ၊ ကျွန်ုပ်တို့၏ရှိသောအရာ၊ ကျွန်ုပ်တို့၏မိသားစုအသက်တာနှင့် ကျွန်ုပ်တို့၏ လူမှုရေးအသက်တာ။**

က။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်သောအရာ၊ ကျွန်ုပ်တို့ရှိသောအရာ၊ ကျွန်ုပ်တို့လုပ်ဆောင်သောအရာတို့ကို ချွတ်ပယ်လိုက်ရမည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းနည်းလမ်းကိုလည်း ချွတ်ပယ်လိုက်ရမည်။

၁။ ဤသည်မှာ ကျွန်ုပ်တို့ဖြစ်သောအရာ၊ ကျွန်ုပ်တို့ရှိသောအရာနှင့် အသင်းတော်အသက်တာမရှိနိုင်အောင် ကျွန်ုပ်တို့လုပ်ဆောင်သောအရာတို့ကို ဆိုလိုသည်။ အကယ်၍ ကျွန်ုပ်တို့သည် လူဟောင်းအတိုင်းသာ ဆက်လက်အသက်ရှင်နေမည်ဆိုပါက၊ အသင်းတော်အသက်တာသည် စိုးရိမ်ရသော ထိခိုက်ပျက်စီးမှုရှိမည်ဖြစ်၍၊ နောက်ဆုံးတွင် အဆုံးသတ်သွားမည်ဖြစ်သည်။

၂။ လူဟောင်းမှ လွတ်မြောက်ရသောသူတို့သည် အလွန်ပင် ပြောင်းလွယ်ပြင်လွယ်ရှိကြသည်။ ပေါလုသည် လူအပေါင်းတို့ထံသို့ အရာခပ်သိမ်းဖြစ်နိုင်သည်။ အကြောင်းမှာ သူသည် သူ၏လူဟောင်းကို ချွတ်ပယ်ထားသောကြောင့်တည်း – ၁ကော၊ ၉း ၂၂။

ခ။ အကယ်၍ ကျွန်ုပ်တို့သည် ယခင်အသက်တာ၏ အမူအကျင့်ရှိ လူဟောင်းကို ချွတ်ပယ်ထားပါက၊ ကျွန်ုပ်တို့တွင် အံ့ဖွယ်သော အသင်းတော်အသက်တာရှိမည်ဖြစ်သည်။ ယင်းမှာ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ရှိသော ယေရုရှလင်မြို့သစ်၏ ပုံစံငယ်ဖြစ်သော အသင်းတော်အသက်တာပင်ဖြစ်သည်။ ထိုသို့သော အသင်းတော်အသက်တာ၌ ကွဲပြားခြင်းဟူသည် မဖြစ်နိုင်တော့

ပေ – ညွှန်း၊ ကော၊၃း၁၂–၁၅။

**IV. အသက်တာဟောင်း၏ အမူအကျင့်သို့ လည့်ပြန်သွားသောအခါတိုင်း ကျွန်ုပ်တို့သည် အတွင်းပိုင်း၌ မှောင်မိုက်ဖြစ်ခြင်းနှင့် ဘုရားအသက်မှ ကွဲကွာခြင်းတို့ကို အလိုအလျောက်ပင် အာရုံခံစားရမည်ဖြစ်သည်။**

 က။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းအဟောင်းအတိုင်း အသက်ရှင်သောအခါတိုင်း အနတ္တဖြစ်ခြင်း၊ မှောင်မိုက်ခြင်း၊ ကွဲကွာခြင်း၊ လျစ်လျူရှုခြင်းနှင့် အတွင်း၌ မာကြောခြင်းတို့သာ ရှိသည်။

ခ။ အကယ်၍ ကျွန်ုပ်တို့သည် ယခင်အသက်တာ၏ အမူအကျင့်အတိုင်း ဆက်လက်အသက်ရှင်နေပါက၊ အသားမာတက်၍ ခံစားရမှုလည်း ရှိတော့မည်မဟုတ်ပေ။ ခံစားခြင်းလည်း ရပ်တန့်သွားမည်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဩတ္တပ္ပစိတ်ကို ဂရုမစိုက်သောကြောင့် ဖြစ်သည်။

**V. ကျွန်ုပ်တို့သည် အသစ်တစ်ဖန်မွေးဖွားခံရသောအခါ၊ ဤလူသစ်သည် ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ထည့်သွင်းလာသည်၊ မွေးဖွားလာသည် (ညွှန်း၊ ၂း၂၂)။ သခင်ယေရှု၌ ကျွန်ုပ်တို့ယုံကြည်သောအခါ၊ အသက်ပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်အထဲသို့ ဝင်ရောက်လာသည်၊ ကိုယ်တော်နှင့်အတူ ပြီးမြောက်သောထုတ်ကုန်အဖြစ် လူသစ်ကို ဆောင်ယူလာသည်။**

က။ ကျွန်ုပ်တို့၏ဝိညာဉ်သို့ ဝိညာဉ်တော်နှင့် ဘုရားအသက်၏ ပေါင်းထည့်လိုက်ခြင်းသည် အသစ်ဖြစ်ခြင်း၊ လူသစ်ကို ထုတ်လုပ်ပေးသည် – ညွှန်း၊ ၂ကော၊၄း၁၆။ ဧ၊၃း၁၆။

ခ။ လူသစ်သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိ၍၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ သက်သေခံသည်–ရော၊၈း၁၆။

ဂ။ လူသစ်ကို ယူတင်ဝတ်ဆင်ရန်နည်းလမ်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ဖြစ်သည်(ယင်းမှာ ဝိညာဉ်တော်နှင့် ရောနှောပေါင်းစည်းနေသည်)။ ယင်း၌ ဘုရားသခင်၊ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာနှင့် လူသစ်ကို မြင်ရ၍၊ ကျွန်ုပ်တို့အသိဉာဏ်၏ ဝိညာဉ်ဖြစ်လာသည်။

**VI. ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခံရရန်နည်းလမ်းမှာ လူသစ်ကို ယူတင်ဝတ်ဆင်ရန် ဖြစ်သည် – ဧ၊ ၄း၂၃။**

က။ ဝိညာဉ်သည် ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်ဖြစ်လာခြင်းဟူသည်မှာ ဝိညာဉ်သည် ကျွန်ုပ်တို့၏ အသိဉာဏ်ကို ညွှန်ကြား၊ ထိန်းချုပ်၊ စိုးမိုး၊ ပိုင်စိုးခြင်းကို ဆိုလိုသည်။ ဝိညာဉ်သည် ကျွန်ုပ်တို့၏အသိဉာဏ်ကို ညွှန်ကြားသောအခါ၊ ယင်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို အစိုးရခြင်းဖြစ်သည် – ညွှန်း၊ ရော၊၈း၆။ ၁ကော၊၂း၁၅–၁၆။

ခ။ လူသစ်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအစိတ်အပိုင်းများ အားလုံးအထဲသို့ ပျံ့နှံ့ကာ၊ ပြည့်ဝသွားရမည်ဖြစ်သည်။ လူသစ်၏ ပျံ့နှံ့ခြင်းသည် လူသစ်ကို ယူတင်ဝတ်ဆင်ခြင်းနှင့် အသစ်ပြုပြင်ခြင်းဖြစ်သည်။

**VII. လူသစ်သည် လက်တွေ့ကျသော အသင်းတော်အသက်တာဖြစ်၍၊ ယင်းမှာ အသက်ပေးသောဝိညာဉ်တော်ဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ စုပေါင်းခြင်းနည်းလမ်း၌ ရောနှောပေါင်းစည်းနေခြင်းဖြစ်သည်။**

က။ အသင်းတော်အသက်တာကို လူသစ်အဖြစ် ယူတင်ဝတ်ဆင်ခြင်းမှာ ဘုရားဆိုင်ရာဝိညာဉ်တော်နှင့် လူသားဝိညာဉ်တို့၏ ရောနှောပေါင်းစည်းခြင်းဖြင့် ထုတ်လုပ်ထားသည့် တစ်ခုတည်းသောဖြစ်ခြင်းကို ယူတင်ဝတ်ဆင်ခြင်းဖြစ်သည်။

ခ။ ကျွန်ုပ်တို့၏နေ့စဉ်အသက်ရှင်ခြင်းသည် အသင်းတော်အသက်တာ၏ အစိတ်အပိုင်း၊ လူသစ်၏ အစိတ်အပိုင်းဖြစ်ရပေမည်။ ဤသို့မဟုတ်ပါက၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ဝမ်းနည်းစေကြမည်ဖြစ်သည် – ဧ၊၄း၃၀။

၁။ အသင်းတော်အသက်တာကို ဂရုမစိုက်ခြင်းမှာ ဝိညာဉ်တော်ကို ဝမ်းနည်းစေသည့် အဓိကအကြောင်းရင်း တစ်ခုဖြစ်သည်။

၂။ အသင်းတော်အစည်းအဝေးများမသွားခြင်းနှင့် အစည်းအဝေးများ၌ လှုပ်ရှားပါဝင်မှုကို ငြင်းပယ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ဝမ်းနည်းစေ၍ ငြိမ်းစေကြမည်ဖြစ်သည် – ဟေဗြဲ၊၁၀း၂၅။ ၁သက်၊၅း၁၉။

ဂ။ ကျွန်ုပ်တို့သည် လျှံထွက်စီးဆင်းလာသောစကားပြောခြင်း၊ သီချင်းဆိုခြင်း၊ ချီးမွမ်းခြင်းနှင့် ဝန်ခံခြင်းရှိရန် ဝိညာဉ်၌ ဖြည့်ခံခြင်းဖြင့် လူသစ်တည်းဟူသော အသင်းတော်အသက်တာကို ယူတင်ဝတ်ဆင်ကြသည် – ဧ၊၅း၁၈–၂၁။

ဃ။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ရေ၌ ဆေးကြောခံခြင်းဖြင့် လူသစ်တည်းဟူသော အသင်းတော်အသက်တာကို ယူတင်ဝတ်ဆင်ကြသည် – အငယ်၊၂၆။

**VIII. ဧ၊၄း၁၅ ရှိ ခရစ်တော်၌ ကြီးထွားခြင်းမှာ အငယ်၊၂၄ ရှိ လူသစ်ကို ယူတင်ဝတ်ဆင်ခြင်းနှင့်ညီမျှသည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ခရစ်တော်အထဲသို့ ပို၍ကြီးထွားလေလေ၊ လူသစ်ကို ပို၍ ယူတင်ဝတ်ဆင်လေလေဖြစ်သည် – ညွှန်း၊ အငယ်၊၁၃။**